


ခွန်းညိုသွေး

# အထပ်ထပ် အခါခါ

အထပ်ထပ် အခါခါ

ခွန်းညိုသွေး

အထပ်ထပ်

အခါခါ

ကျွန်တော့်ရဲ့ ဒုတိယအသက်ကို ဒီစာအုပ်မှာ သွင်းထားခဲ့တယ်။ ကျွန်တော် တစ်ခု စဉ်းစားတယ်။ ငါ့စာတွေဖတ်လို့ ဘာများရကြပ့်ါမလဲ။ ငါ့စာတွေဟာ စိတ်ဓာတ် တက်ကြွအောင် အားအင်ပြည့်အောင် လုပ်ပေးတဲ့ အရေးအသား မျိုး ဟုတ်ပ့်ါမလား။ ကျွန်တော် ဘာပေးနိုင်မလဲ။ ကျွန်တော့်ကိုယ် ကျွန်တော် ပြန်ပြီးအဖြေရှာတယ်။ အနည်းဆုံးတော့ လူသားဆန်မှု၊ ချစ်ခြင်း မေတ္တာနဲ့ ကိုယ်ချင်းစာတရားကို အဓိက ခြယ်သထားတဲ့ အရေးအတွေးတွေ ဖြစ်ပါလိမ့်မယ်။ ကျွန်တော့်စာတွေကနေ ဒီလို အထိအတွေ့မျိုးတွေကို ရရှိ လိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

"အထပ်ထပ် အခါခါ" လို့ နာမည်ပေးဖြစ်တာက ဒီစာအုပ်မှာပါတဲ့ စကားပြေတွေမှာ စာသား တစ်ကြောင်းတည်းကို အပိုဒ်တိုင်းမှာ အပိုဒ်ရဲ့ အစ ဒါမှမဟုတ် အဆုံးမှာ ရေးထားတာ၊ တချို့နေရာတွေမှာ တစ်ကြောင်း ကို နှစ်ခါထပ်ပြီး ရေးထားတာတွေကြောင့် (ကြယ်တွေမှာ နောက်ဘဝ ရှိ သလား၊ ငရဲဆိုတာမျိုး ကလည်း မင်း ဟိုဘက်ကို မျက်နှာလွှဲလိုက်တာနဲ့ တွေ့ရတာမျိုး ပါပဲ စသည်ဖြင့်ပေါ့) အထပ်ထပ်အခါခါ သုံးစွဲထားတဲ့ စာကြောင်းတွေကို ရည်ညွှန်းပြီး ပေးထားတာ ဖြစ်ပါတယ်။ ကျွန်တော့် စာအုပ်ကို ဘဝအတွက် "အထပ်ထပ် အခါခါ" သော ချစ်ခြင်းမေတ္တာ ရှိရသူ

တွေထံ အပ်နှံလိုက်ပါတယ်။

ခွန်းညိုသွေး

***